## Minutes of Myanmar Language Information Management Network Meeting

*26th August 2026, 2PM MMT, online via Zoom*

## Agenda

1. Presentation – **Brief about MIMU PCode** (MIMU)
2. Presentation – **Village Mapping Exercise** (MIMU)
3. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
4. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: ADRA, AHRN, BS, CPI, CSI, DRC, ICRC, KBC, KMSS, MDM, MI, MRCS, MSI, NRC, NYEIN, PPWT, PUI, SCI, SPM, SWISSAID, IOM, UNHCR, UNICEF (31 participants from 24 organisations)

## ၁။ Brief about MIMU PCode (MIMU)

Pcodes သည် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသများကို သတ်မှတ်သည့် သင်္ကေတများဖြစ်ပြီး၊ ရွာအဆင့်မှ တိုင်းနှင့်ပြည်နယ်အထိ ပြန်နှံ့လွှမ်းခြုံနိုင်သည်။ MIMU သည် ၂၀၀၈ ခုနှစ်မှစ၍ Pcodes စနစ်ကို ပြုစုထိန်းသိမ်းလာခဲ့သည်။ ၎င်းစနစ်သည် နေရာဒေသများအတွက် ထပ်တူညီမှုမရှိသော အညွှန်းစနစ် တစ်ခုဖြစ်စေရန်၊ အမည်အညွှန်း မသေချာမှုများကို ရှောင်ရှားရန်၊ အချက်အလက်များကို ပိုမို တိကျစွာ မှတ်တမ်းတင်နိုင်ရန်၊ dataset များကို တိုးချဲ့သုံးနိုင်ရန်နှင့် မြေပုံရေးဆွဲမှုအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ထားသည်။

MIMU Pcodes Version 9.7 တွင် ကျေးရွာပေါင်း ၆၆,၆၅၉ သိမ်းဆည်းထားပြီး၊ လက်ရှိတွင် ၈၁.၉% သည် ကိုသြဒိနိတ် အတိအကျဖြင့် မြေပုံပေါ်တွင် ဖော်ပြနိုင်သည်။ MIMU သည် Pcodes ပြင်ဆင်မှုများ ကို မြေပြင်ပေါ်တွင် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွာများ၏ နာမည်၊ လက်တီကျူ၊ လောင်တီကျူ၊ စာလုံးပေါင်းများအား ပြင်ဆင်မှုကို Pcodes Submission Form ဖြင့် တင်ပြနိုင်ပြီး စံနှုန်းနှင့် ကိုက်ညီပါက ပြင်ဆင်ပေးမည် ဖြစ်သည်။

MIMU Website – Navigation Bar ရှိ Mapping & GIS အောက်တွင် Place Codes (Pcodes) စာမျက်နှာ ရှိပြီး Pcodes Dataset နှင့် Change History Report များ ပါဝင်သဖြင့်, Pcodes အသုံးပြုမှုနှင့် dataset များအားလုံးကို ဝင်ရောက်ကြည့်ရှုနိုင်သည်။ Pcoder Tool မှတဆင့် ရွာများနှင့် Pcodes များကို အလိုအလျောက် တိုက်စစ်ဆေးမှု ပြုလုပ်နိုင်သည်။

**MIMU Pcodes** - https://themimu.info/place-codes

## ၂။ Village Mapping Exercise (MIMU)

**ကျေးရွာ တည်နေရာပြ မြေပုံအချက်အလက် ကောက်ယူခြင်းနှင့်** Google My Maps **သင်တန်းဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာ**

ကျေးရွာများ၏ တည်နေရာ အချက်အလက်များ တိကျမှန်ကန်ရေးအတွက် Village Mapping Exercise ဆိုင်ရာ မိတ်ဆက်ခြင်းနှင့် ကျေးရွာများ၏ GPS Coordinates လက်ရှိ ရရှိထားမှု အခြေအနေများကို လေ့လာသုံးသပ်သည့် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ကျေးရွာတည်နေရာ ကောက်ယူခြင်းဆိုင်ရာ ခန့်မှန်းလျာထား လုပ်ငန်းစဉ် (Tentative Work Plan) များကို ဆွေးနွေးခဲ့ကြသည့်အပြင် Google My Maps အကြောင်း မိတ်ဆက်ခြင်း၊ သုံးစွဲပုံ သင်တန်းပေးခြင်း၊ မြေပုံပေါ် ရှိ တည်နေရာ အခြေအနေများ (Location Status) ကို ရှင်းလင်းခြင်း များကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြပါသည်။

ဤလုပ်ငန်းစဉ်၏ ပင်မရည်ရွယ်ချက်မှာ တည်နေရာ အချက်အလက် (Coordinates) မရှိသေးသော ကျေးရွာများ၏ တည်နေရာများကို ဖြည့်သွင်းရန်၊ Google Satellite Image များကို အသုံးပြု၍ လက်ရှိ တည်နေရာများ၏ မှန်ကန်မှုကို စိစစ်ရန် (Verify)၊ လွဲမှားနေသော တည်နေရာများကို ပြင်ဆင်ရန် (Correct) နှင့် မြေပြင်တွင် အမှန်တကယ် ရှိနေသော်လည်း P-code စာရင်းတွင် ပါဝင်ခြင်းမရှိသေးသော ကျေးရွာများကို ရှာဖွေဖော်ထုတ်၍ စာရင်းသွင်းရန် ဖြစ်ပါသည်။ ဤသို့ တည်နေရာ အချက်အလက်များ တိကျခိုင်မာလာခြင်းဖြင့် ဘေးအန္တရာယ် တုံ့ပြန်မှုနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ထိရောက်မြန်ဆန်စွာ ပေးအပ်နိုင်မည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အရင်းအမြစ်များကိုလည်း လိုအပ်သည့်နေရာများသို့ တိကျစွာ ခွဲဝေချထားနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပိုမိုခိုင်မာ ဆန်းသစ်သော Database နှင့် စာရင်းအင်းများ ရရှိလာကာ "မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်မနေစေရေး" (Leaving No One Behind) ဆိုသည့် မူကိုလည်း ထိရောက်စွာ အကောင်အထည်ဖော် နိုင်မည် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ ရရှိထားသော အချက်အလက်များအရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် MIMU စာရင်းပါ ကျေးရွာပေါင်း ၆၆,၆၅၉ ရွာအနက် ၅၄,၆၀၄ ရွာ (၈၁.၉%) နှင့် GAD စာရင်းပါ ကျေးရွာပေါင်း ၆၃,၂၂၁ ရွာအနက် ၅၂,၃၅၂ ရွာ (၈၂.၈%) တို့တွင် Coordinates ရရှိပြီးဖြစ်ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် ကြည့်ရှုရာတွင် ပဲခူးတိုင်း (အနောက်)၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်း၊ နေပြည်တော်၊ ရခိုင်ပြည်နယ် တို့၌ ၉၀% အထက် Coverage ရရှိထားပြီး ဖြစ်သော်လည်း ကချင်ပြည်နယ် (၅၂%)၊ ရှမ်းပြည်နယ်မြောက်ပိုင်း (၄၈%)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း (၆၅%)၊ ရှမ်းပြည်နယ်တောင်ပိုင်း (၇၆%) နှင့် ကရင်ပြည်နယ် (၆၉%) တို့တွင် ရရှိမှု နည်းပါးနေသေးသဖြင့် ယင်းဒေသများကို ဦးစားပေး (Priority Areas) အဖြစ် သတ်မှတ်၍ အဓိကထား ကောက်ယူ ပြင်ဆင်သွားရန် လိုအပ်လျက် ရှိပါသည်။

မြေပြင်အချက်အလက် စိစစ်ရာတွင် Google My Maps ပေါ်၌ Status Marker များကို စနစ်တကျ ခွဲခြား သတ်မှတ်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းစဉ်များကို ၂၀၂၆ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလအထိ ၇ ပတ်ကြာ လျာထားဆောင်ရွက်မည်ဖြစ်ပါသည်။ စက်တင်ဘာ သီတင်းပတ် ၁ မှ ၂ အတွင်း မိတ်ဆက်အစည်းအဝေး ကျင်းပခြင်း၊

ကွင်းဆင်းဝန်ထမ်းများကို သင်တန်းပေးခြင်းနှင့် Google My Map Project များကို မျှဝေချိတ်ဆက်ခြင်းတို့ ဆောင်ရွက်မည် ဖြစ်ပြီး၊ စက်တင်ဘာ သီတင်းပတ် ၂ မှ အောက်တိုဘာ သီတင်းပတ် ၁ အထိ မြေပြင်ကျေးရွာ အချက်အလက်များကို စနစ်တကျ ကောက်ယူသွားမည် ဖြစ်ပါသည်။ ထို့နောက် အောက်တိုဘာ သီတင်းပတ် ၁ မှ ၃ အတွင်း ကောက်ယူရရှိထားသော ဒေတာများကို စိစစ်ပြုစုကာ အောက်တိုဘာ သီတင်းပတ် ၂ မှ ၃ အတွင်း မြေပုံ Geospatial ဒေတာများနှင့် P-code Database များကို အဆင့်မြှင့်တင် ပြင်ဆင်မွမ်းမံသွားမည် ဖြစ်ပါသည်။ အစည်းအဝေး နိဂုံးချုပ်အနေဖြင့် ကျေးရွာတည်နေရာ ဒေတာများကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်သွားရန်၊ အခြားသော ကွင်းဆင်းအဖွဲ့အစည်းများနှင့် မြေပြင်အချက်အလက်များ အပြန်အလှန် မျှဝေသုံးစွဲသွားရန် သဘောတူညီခဲ့ကြပါသည်။ ထို့ပြင် တိကျသော ဒေတာများကို အခြေခံ၍ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို ပိုမိုအကျိုးရှိစွာ ဖော်ဆောင်ကာ အကူအညီများကို လိုအပ်သူများထံ တိကျစွာ ပို့ဆောင်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၃။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း နိုဝင်ဘာလ နောက်ဆုံးအပတ် ၂၅ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။